E-book is created by ***www.ShanYoMa.org***

# ဝန်းသိုစော်ဘွားကြီး၏ဗုဒ္ဓစွယ်တော်မြတ်မှတ်တမ်း

**ဘုန်းခြိမ့်**

## ထင်ရှားသောခေါင်းဆောင်

အင်္ဂလိပ်တို့သည် ခရစ်နှစ် ၁၈၂၄–ခုနှစ်တွင် ပထမကျူးကျော်စစ်ကို ဆင်နွှဲပြီး ရခိုင်၊ တနင်္သာရီနယ်တို့ကို သိမ်းယူခဲ့သည်။ ၁၈၅၂–ခုနှစ်တွင် ဒုတိယကျူးကျော်စစ်ကို ဆင်နွှဲပြီး အောက်မြန်မာနိုင်ငံကို ထပ်မံသိမ်းယူပြန်သည်။ တတိယကျူးကျော်စစ်ကို ၁၈၈၅–ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် စတင်ဆင်နွှဲလာသည်။

မြန်မာနှစ် ၁၂၄၇–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈–ရက်၊ ခရစ်နှစ် ၁၈၈၅–ခုနှစ်၊ နိုဝင်ဘာလ ၂၈–ရက်နေ့တွင် အင်္ဂလိပ်တပ်များသည် မန္တလေးရတနာပုံနေပြည်တော်သို့ ဆိုက်ရောက်လာပြီး မြန်မာဘုရင် သီပေါမင်းနှင့်မိဖုရားစုဖုရားလတ်တို့ကို နန်းချ၍ သူရိယစစ်သင်္ဘောဖြင့် ရန်ကုန်သို့ ခေါ်ဆောင်ကာ ထိုမှ အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်လိုက်ကြသည်။

၁၈၈၆–ခုနှစ်၊ ဇန်နဝါရီလ ၁–ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင်က မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ထိုအချိန်မှစ၍ သူ့ကျွန်မခံလိုသော တိုင်းရင်းသားများသည် ရရာလက်နက်များကိုင်စွဲ၍ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ယင်းတွင် ထင်ရှားခဲ့သောတိုင်းရင်းသားခေါင်းဆောင်များမှာ ကချင်ပြည်နယ်မှ ဖုန်ကန်ဒူဝါနှင့်ဗိုလ်ဖိုးစော၊ ချင်းပြည်နယ်မှ ကြွမ်ဘိခ်နှင့်ရွှေချိုးဖြူမင်းသား၊ ကယားပြည်နယ်မှ စောလဖော်၊ ရှမ်းပြည်နယ်မှ မိုးနဲစော်ဘွား၊ ရပ်စောက်စော်ဘွားများနှင့်လင်းပင်မင်းသား၊ ဝန်းသိုနယ်မှစော်ဘွားကြီးဦးအောင်မြတ်တို့သည် အထူးထင်ရှားခဲ့သော ခေါင်းဆောင်များ ဖြစ်ခဲ့ကြသည်။

## ဦးအောင်မြတ်အတ္ထုပ္ပတ္တိအကျဉ်း

စော်ဘွားကြီးဦးအောင်မြတ်ကို မြန်မာနှစ် ၁၂၂၃–ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် တနင်္ဂနွေနေ့တွင် ဝန်းသို့မြို့၌ ဖွားမြင်ခဲ့သည်။ သူ၏ဖခင်မှာ စစ်ကဲကြီးဦးရွှေသားဖြစ်သည်။

ဦးရွှေသားသည် မင်းတုန်းမင်းကြီးနှင့်သီပေါမင်းတို့ထံတွင် အမှုထမ်းခဲ့သူဖြစ်သည်။ မောင်အောင်မြတ် အရွယ်ရောက်သောအခါ နေပြည်တော်၌လည်း မင်းတုန်းမင်းကြီး နတ်ရွာစံပြီဖြစ်၍ သားတော်သီပေါမင်း နန်းတက်လျက် ရှိသည်။

ထိုအချိန်တွင် မောင်အောင်မြတ်သည် ဖခင်ဖြစ်သူဦးရွှေသားအား နေပြည်တော်သို့ သွားရောက်၍ အမှုတော်ထမ်းလိုကြောင်း မကြာခဏပြောသဖြင့် ဖခင်ဦးရွှေသားသည် ကင်းဝန်မင်းကြီးဦးကောင်းထံ မိမိသားဖြစ်သူအား စောင့်ရှောက်၍ ဆုံးမသွန်သင်ပေးပါရန် အပ်နှံထားလိုက်လေသည်။

မောင်အောင်မြတ်သည် ကင်းဝန်မင်းကြီးထံတွင် ထီးသုံးနန်းသုံး တရားဥပဒေနည်းနိဿယများနှင့်အုပ်ချုပ်မှုရေးရာများကို သင်အံလေ့ကျက်ပြီး တစ်ဖက်တွင် ကွမ်းရေတော်ကိုင်အဖြစ် အမှုထမ်းရသည်။ (ကွမ်းရေတော်ကိုင်ဆိုသည်မှာ ဘုရင်မင်းမြတ် ထွက်တော်မမူမီ ဘုရင်မင်းမြတ် သုံးဆောင်ရန်အတွက် ကွမ်းအစ်များကို ကိုင်ကာထွက်တော်မူမည့်နေရာ၌ အသင့်ချထားပေးရသူဖြစ်သည်။)

ကင်းဝန်မင်းကြီးထံ၌ နေထိုင်စဉ် ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး၊ သေနတ်ပစ်စသည့်မင်းမှုထမ်းတို့တတ်မြောက်အပ်သောပညာများကို သင်ယူရသည်။ အထူးသဖြင့် မြင်းစီးအတတ်ကို ခုံမင်နှစ်သက်ရာက နောက်ဆုံးတွင် မြင်းစီး၍ ပိုလိုရိုက်ကစားရာ၌ ကျွမ်းကျင်သူတစ်ဦး ဖြစ်ခဲ့သည်။

သီပေါမင်းသည် မောင်အောင်မြတ်၏အရည်အချင်းနှင့်အစွမ်းအစကို နှစ်သက်သဖြင့် ၁၂၄၃–ခုနှစ်တွင် "မဟာဝံသ သီရိဇေယသိုဟ်ဘွား"ဟူသောဘွဲ့နှင့်အတူ ဝန်းသိုစော်ဘွားအဖြစ် အပ်နှင်းခြင်းခံရသည်။ ထိုစဉ်က မောင်အောင်မြတ်၏အသက်မှာ နှစ်ဆယ်နှင့်သုံးလစွန်းသာ ရှိသေးသည်။ မဟာဒေဝီ(ကြင်ရာတော်)လည်း မရှိသေး၊ လူပျိုဘဝပင် ရှိသေးသည်။

ထို့နောက် ၁၂၄၄–ခုနှစ်တွင် စကားစော်ဘွားကြီး၏သမီး မှန်နန်းအပျိုတော်ဖြစ်ခဲ့ဖူးသူ စောရွှေကြည်နှင့်လက်ဆက်ထိမ်းမြားခဲ့ပြီး သားသမီးခုနစ်ယောက် ထွန်းကားခဲ့သည်။

စော်ဘွားကြီးဦးအောင်မြတ် အင်္ဂလိပ်တို့ကို ပထမဆုံး စတင်တိုက်ခိုက်ခဲ့သောနှစ်မှာ ၁၂၅၂ ခုနှစ် အသက်(၂၉)နှစ်အရွယ် သီပေါမင်းပါတော်မူပြီး ငါးနှစ်အကြာတွင် ဖြစ်သည်။ ထိုမှ ၁၂၅၃–ခုနှစ်တွင် အင်္ဂလိပ်တို့နှင့်လက်နက်အင်အားချင်း မမျှ၍ အရေးနိမ့်ခဲ့သောကြောင့် တရုတ်ပြည် ယူနန်နယ်ထဲသို့ တပည့်အချို့နှင့်ခိုဝင်ခဲ့လေသည်။

စော်ဘွားကြီးဦးအောင်မြတ်သည် ဗေဒင်ပညာနှင့်ဓာတ်ဗိန္ဓောဆေးကျမ်းများကို ဝါသနာပါသည့်အပြင် အထူးသဖြင့် အင်္ဂရတ်ပညာကို နှစ်သက်သဖြင့် ဖိုထိုးလေ့ရှိကြောင်း မှတ်သားရသည်။

## စွယ်တော်မြတ်မှတ်တမ်း

ဦးအောင်မြတ်သည် မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်သကဲ့သို့ ရတနာသုံးပါးကိုလည်း လွန်စွာကြည်ညိုကိုင်းရှိုင်းသူဖြစ်သည်။ ယနေ့တိုင် ဝန်းသိုမြို့တွင် စော်ဘွားကြီးဦးအောင်မြတ် တည်ထားခဲ့သော ကျောင်း၊ ကန်၊ ဘုရား စေတီပုထိုးများစွာရှိနေသည်။

ယူနန်သို့ ခိုဝင်ခဲ့သည့်အချိန်တွင်လည်း လူသူစုရုံးခြင်းနှင့်မြန်မာနိုင်ငံမှ တော်လှန်ရေးအင်အားစုများကို ဆေးဝါးပစ္စည်း၊ ငွေစသည်ဖြင့် ထောက်ပံ့ကူညီခဲ့ပြီး ဘာသာသာသနာရေးရာများကိုလည်း အပတ်တကုတ် အားထုတ်ခဲ့သူဖြစ်လေသည်။

တရုတ်ပြည်သို့ရောက်စဉ် ဗုဒ္ဓမြတ်စွယ်တော်နှင့်ပတ်သက်၍ တရုတ်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများထံမှ လေ့လာစုံစမ်းလျက် မှတ်တမ်းမှတ်ရာများကို ပြုစုထားခဲ့လေသည်။ စော်ဘွားကြီးဦးအောင်မြတ်၏ မှတ်တမ်းမှတ်ရာများ အနက်မှ မှတ်သားစရာအချို့ကို ဖေါ်ပြရမူ–

မြတ်စွာဘုရား၏ တရားတော်ကို တရုတ်ဘာသာဖြင့် 'နံ့ဖူဆေး'ခေါ်သောဆရာတော်က ဘာသာပြန်ဆိုခဲ့ရာ ကျမ်းအမည်မှာ 'စေရှု'ဟုခေါ်ကြလေသည်။

ရှန်ရှီးဆင်းနယ် ချန့်အံမြို့၌ စုံတူခေါ်သောနေရာရှိ၍ ထိုနေရာတွင် မြတ်စွာဘုရားစွယ်တော်မြတ် ရှိလေသည်။ ၎င်းစွယ်တော်မှာ လက်ဝဲဘက် အောက်စွယ်တော်ဖြစ်၍ စေတီတည်ထားကိုးကွယ်ကြသည်။

စေတီတော်သည် ကြီးစွာသောအင်းကြီးအလယ်၌ ရှိလေသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၁၅ ရက်နေ့များတွင် တောက်ထွန်းသော လရောင်ဖြင့် စေတီ၏ အရိပ်သည် ရေပြင်တွင် အမြောက်အမြားထင်လေသည်။ ယခုလည်း ကိုးကွယ်နေကြသည်။ စွယ်တော်မြတ်ကို တရုတ်တို့ဘာသာဖြင့် 'ဖုရှ'ဟုခေါ်ကြသည်။ ရှေးအထက်က ၎င်းစွယ်တော်သည် စောနန်မြို့၌ ရှိလေသည်။ လွန်ခဲ့သောနှစ်ပေါင်း (၁၂၆၀)ကျော်လောက်က လောလီမျိုးဘုရင်ထံသို့ ဘုရင်တန်မြန်ခွင့် လာရောက်၍ စွယ်တော်ဘုရားကို ဖူးရာ လမ်းများကိုလည်း ကောင်းစွာ ပြင်ဆင်လေသည်။

တန်မြန်ခွင့်ဘုရင်သည် ရှန်ရှီမြို့သို့ တရုတ်ဘာသာဖြင့် ရေးသားထားသော ဘုရားတရားတော်များကိုလည်း ပင့်ယူ၍ ပဲ့ကြင်မြို့၌ထားသည်။ ပဲ့ကြင်မြို့ တရုတ်ဘုရင်စုဝိုဝူးလက်ထက်တိုင်ရှိသည်။ ၎င်းစာပေကို တာလီးမြို့ ကြီကြူးရှန်တောင်၌နေသော ဟော့ရှန်ခေါ်ရသေ့တစ်ဦးက ကူးယူ၍ ၁၂၇၂ ခုနှစ်တွင် တာလီးမြို့သို့ရောက်လာသည်။

တန်မြန်ခွင့်ဘုရင်သည် မြတ်စွာဘုရားစွယ်တော်ကို စေတီတည်ထားရာမှ ထုတ်ယူ၍ ရှန်ရှီမြို့သို့ပင့်ဆောင်လာသေးသည်။ ထိုအခါတွင် လမ်းများကို ကောင်းစွာပြင်သည်။ သဲဝါခင်းသည်။ ရာဇမတ်များ ကာသည်။ ပိုးဖဲတို့ကို လမ်းတွင် ခင်းသည်။ ခရီးတစ်တိုင် တစ်တိုင်အကွာတွင် ကျောင်းများဆောက်သည်။ အချို့သောသူတို့သည် စေတနာအားကြီး၍ လက်ကို ဖြတ်လှူသည်။ ထိုသို့လှူသည်ကို တားဆီးသောသူကို မင်းကြီးအရာမှ နုတ်၍ မြို့တစ်မြို့သို့ ပြောင်းရွှေ့စေကာ မြို့ဝန်ခန့်ထားလေသည်။

# ဝန်းသိုဆိုသည်မှာ

ဝန်းသိုမြို့ကို ယခင်က ကျားမြို့ဟုခေါ်သည်။ အဘယ်ကြောင့် ကျားမြို့ခေါ်သနည်းဆိုမူ သရေခေတ္တရာရာဇဝင်၊ သီဟဗာဟုရာဇဝင်၊ ထားဝယ်ဘက်မှ ငခုံးမရာဇဝင်တို့ကဲ့သို့ ဒဏ္ဍာရီဆန်ဆန်ဖြစ်ခဲ့ဖူးသည်။

အမည်နာမ မှတ်တမ်းတင်ထားခြင်းမရှိသော တရုတ်ဘုရင်တစ်ပါးတွင် သမီးဦးလေးမွေးဖွားရာ သမီးကလေးမှာ စက္ခုနှစ်ကွင်း အလင်းမရသူလေးဖြစ်နေသည်။ ဖခင်သည် ရှက်လွန်းသဖြင့် သမီးကို သုတ်သင်ပစ်လော့ဟု ပါးကွက်အာဏာသားများ လက်သို့ အပ်လိုက်သည်။

မိဖုရားဖြစ်သူမှာ သမီးလေးကို မပစ်ရက်နိုင်။ စင်စစ် မိမိဝမ်းဖြင့် လွယ်၍မွေးရသော သမီးလေးလည်းဖြစ်ပြန် မျက်မမြင်ဒုက္ခိတလေးလည်း ဖြစ်ပြန်၍ သနားလှသဖြင့် ပါးကွက်အာဏာသားတို့ကို လာဘ်ပေးကာ တစ်နေရာတွင် ဝှက်ထားခဲ့ပြီး အာဏာသားတို့ကိုလည်း ကွပ်မျက်ပြီးဖြစ်ကြောင်း သံတော်ဦးတင်လေဟု လျှောက်ခိုင်းလိုက်သည်။

ဘုရင်ကြီးမှာ သမီးလေးသေပြီအထင်နှင့်နေခဲ့ရာ (၁၆)နှစ်သို့ရောက်လာသည်။ မင်းသမီးလေးမှာ မျက်စိမမြင်သည်ကလွဲ၍ မိန်းမတို့၏ကောင်းခြင်းကြန်အင် လက္ခဏာများနှင့်ပြည့်စုံသူလေးဖြစ်သည်။

တစ်နေ့တွင် မင်းခယောကျ်ားတစ်ဦးသည် မင်းသမီးလေးကို တွေ့မြင်သွားပြီး ဘုရင်ကြီးအား မျက်နှာလိုမျက်နှာရလုပ်ကာ သံတော်ဦးတင်လေသည်။ ထိုအခါ မျက်မမြင်မင်းသမီးလေးကို ရှေ့တော်ခေါ်၍ စစ်ဆေးမေးမြန်းရာတွင် အကြောင်းစုံပေါ်လေသည်။

ဤတွင် မိဖုရားကြီးမှာ မနေသာတော့သဖြင့် ခိုင်ခံ့သော ဖောင်ကြီးတစ်ခုပြုလုပ်၍ မပုပ်မသိုးနိုင်သော အစားရေစာများကို စီစဉ်လုပ်ကိုင်ပေးပြီး သမီးဖြစ်သူအား မြစ်ရိုးတစ်လျှောက် မျှောလွှတ်လိုက်သည်။ ထိုမြစ်သည် တရုတ်ပြည်မှ မြန်မာပြည်သို့ စီးဝင်သော လံဆီမြစ်ဖြစ်သည်။

မင်းသမီးလေးစီးလာသော ဖောင်သည် အစဉ်အတိုင်း မျှောလာရာ နောက်ဆုံးတရုတ်ပြည်မကြီးနှင့်အတော်ဝေးသောနေရာသို့ဆိုက်ရောက်လာသည်။ ထိုအရပ်မှာ ယခုရွှေကူမြို့အောက်ရှိ ဥဒေါင်းဝဲခေါ်သောနေရာဖြစ်သည်ဟုအဆိုရှိသည်။

ထိုစဉ်က ထိုနေရာတွင် ကျားဖြူကြီးတစ်ကောင် ဆိုးသွမ်းနေသည်။ တစ်ညနေတွင် ကျားဖြူကြီးသည် မြစ်သို့ရေဆင်းသောက်ရာ သစ်ဖောင်ပေါ်မှ ချောမောလှပသော တရုတ်မင်းသမီးလေးကို မြင်သည်။ ထိုကျားဖြူကြီးနှင့်တရုတ်မင်းသမီးလေးတို့သည် ထိုနေရာမှာပင် အိမ်ထောင်ပြုလိုက်ကြသည်ဟုဆိုကြသည်။ ထိုနေရာသည် တစ်စတစ်စ လူသူပေါက်ရောက်လာ၍ မြို့ဖြစ်သွားသောအခါ ဝိန်သေ သို့မဟုတ် ကျားမြို့ဟု ခေါ်ပြီး ယခုအခါ ဝန်းသိုမြို့ဟုခေါ်တွင်ခဲ့လေသည်။

## ဒေသစာရီခရီးသုံးကြိမ်

ဝန်းသိုစော်ဘွားကြီး ဖူးမြော်ကြည်ညိုခွင့်ရခဲ့သော တရုတ်ပြည်မှ ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ သုံးကြိမ်သုံးခါတိတိ အပူဇော်ခံ ကြွရောက်ခဲ့သော ဂေါတမဗုဒ္ဓ၏မြတ်စွယ်တော်ပင်ဖြစ်သည်။

မြတ်စွယ်တော် ကြွရောက်ခဲ့သည့်နေ့ရက်မှတ်တမ်းများမှာ–

(၁) မြန်မာနှစ် ၁၃၁၇–ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ခရစ်နှစ် ၁၉၅၅–ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် တစ်ကြိမ်။
(၂) မြန်မာနှစ် ၁၃၅၆–ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ ခရစ်နှစ် ၁၉၉၄–ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် တစ်ကြိမ်။
(၃) မြန်မာနှစ် ၁၃၅၈–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ခရစ်နှစ် ၁၉၉၆–ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် တစ်ကြိမ်

စုစုပေါင်း သုံးကြိမ် ကြွရောက်အပူဇော်ခံယူတော်မူခဲ့သည်။ ယင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နှစ်ကြိမ်ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့်ပတ်သက်၍ ကျီးသဲလေးထပ်ကျောင်းဆရာတော် ရေးသားပြုစုခဲ့သော ဇိနတ္ထပကာသနီကျမ်းနှင့်ဒီပဲရင်းမြို့ သီရိသဒ္ဓမ္မာဘိလင်္ကာရထေရ်ဆရာတော် ရေးသားပြုစုခဲ့သော တထာဂတ ဥဒါနဒီပနီကျမ်းများတွင်–

မြတ်ဗုဒ္ဓ၏ အထက်လက်ယာစွယ်တော်ကို တာဝတိံသာနတ်တို့ ပူဇော်သည်။ အောက်လက်ယာစွယ်တော်ကို ဂန္ဓာရရာဇ်တိုင်း(တရုတ်ပြည်)တွင် ပူဇော်သည်။ အထက်လက်ဝဲစွယ်တော်ကို ကလိင်္ဂတိုင်း(ယခုသီဟိုဠ်ခေါ် သီရိလင်္ကာနိုင်ငံ)တွင်ပူဇော်သည်။ အောက်လက်ဝဲစွယ်တော်ကို နဂါးပြည်တွင် ပူဇော်ကြောင်း ပြဆိုထားလေသည်။

နိဂုံးချုပ်အားဖြင့် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်သည် မြန်မာ့သမိုင်းတွင် ရှေ့ပြေးတော်လှန်ရေးခေါင်းဆောင်ကြီးဖြစ်ပြီး လူမျိုး၊ ဘာသာ၊ သာသနာတော်ကို လွန်စွာချစ်မြတ်နိုးသည့်မျိုးချစ်လူတော်လူကောင်းကြီးတစ်ဦးဖြစ်ကြောင်း ကမ္ပည်းမှတ်တမ်းထိုးကြလေသည်။

ဗဟုသုတ ကြွယ်ဝကြပါစေ။

ဘုန်းခြိမ့်

ကျမ်းကိုး

၁၉၅၆–ခုနှစ်၊ (Djambatan Ltd. (International Educational Publishing House) ဟုခေါ် သမာမိတ္တစာအုပ်တိုက်မှ ဦးစိုးမောင်(မြန်မာ့အလင်း)ပြုစုရေးသားသည့်'ဝန်းသိုစော်ဘွားကြီး'စာအုပ်မှ။

E-book is created by ***www.ShanYoMa.org***

မှတ်ချက်။ ။၂၀၀၄–ခုနှစ်၊ မေလထုတ် သူရဇ္ဇမဂ္ဂဇင်း စာမျက်နှာ(၄၁ မှ ၄၃)ထိ၌လာရှိသော ဆောင်းပါးကို ပြန်၍စာစီရိုက်ထားပါသည်။